ပိုးစာကုန်းကျေးရွာ

ပိုးစာကုန်းကျေးရွာအုပ်စု၊ ဖောင်းပြင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပိုးစာကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖောင်းပြင်မြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပိုးစာကုန်းကျေးရွာသည် ချင်းတွင်းမြစ်အထက်ပိုင်း မြစ်အနောက်ဘက်ကမ်းတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဖောင်းပြင်မြို့နှင့် (၂)မိုင်ခန့်ကွာဝေးပြီး ရေလမ်းခရီးအား အဓိကအားထား သွားလာရသည်။ မြစ်ကမ်းနဘေးတွင် တည်ရှိသည့်အလျောက် မိုးတွင်းတွင် မြစ်ရေကြီးခြင်းနှင့် ကမ်းပါးပြိုခြင်းဒဏ်အား နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မိုးရေချိန် ပျမ်းမျှ (၇၀)လက္ခရှိပြီး စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်သည်။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။ ရေကြီးချိန်တွင် စိုက်ပျိုးပြီးလယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း ဒဏ်ကို ခံစားရပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းတွင် ရပ်မိရပ်ဖများနှင့်လူမှုရေးအဖွဲ့၊ လူမှုကူညီရေးအသင်း၊ နာရေးကူညီမှု အသင်း၊ ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရံမီးသတ်တပ်အဖွဲ့၊ MANA အဖွဲ့များရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာကျောင်းဆရာတော်တို့၏ ဦးဆောင်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ကိုင်နေကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး ဖြစ်၍ မိုးရာသီတွင် သခွား၊ ပြောင်းဖူး၊ ပဲတောင့်ရှည်နှင့် ဆောင်သီးနှံများမှာ ခရမ်းချဉ်၊ ခရမ်းသီးနှင့် ပန်းမျိုးစုံတို့ကို စိုက်ပျိုးခြင်းဖြစ်သည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၆၅၄.၅၉)ဧက စိုက်ပျိုးကြသည်။ နှစ်စဉ်ကျေးရွာမှ မိုးစပါးတင်းရေ (၃၂၀၀၀)ခန့် ထွက်ရှိသည်။ မိုးစပါးကိုဇူလိုင်၊ သြဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၅၀)တင်း ဖြစ်သည်။စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြ ပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့် အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံ ထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုသာလုပ်ကိုင်ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် **2"Øx200'** အဝိစိရေတွင်းနှင့် ရေစက်ရုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက် ပေးထားပါသည်။ ကျေးရွာတွင်အိမ်ထောင်စု ၄၂**%**ခန့်သည်လည်း ကိုယ်ပိုင်ရေတွင်းများ သုံးစွဲနိုင်ကြ ပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်းရှိ၍ ဆရာ/မဦးရေ (၁၄) ယောက်ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးရွာနှင့်(၃)မိုင်ခန့်ကွာဝေးသော ကျေးလက်ကျန်းမာရေးဌာနခွဲမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ ကိုင်း(အခင်း)အတွက် တစ်ဧကကို (၅၀၀၀၀)ကျပ်ဖြင့် ထုတ်ပေးလျှက်ရှိပါသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ တောင်သူ လယ်သမားများသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ – တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှုများလည်း လိုအပ်ပါသည်။ကျွန်တော်တို့ကျေးရွာအတွင်းတွင် မြစိမ်းရောင်ချေးငွေများထုတ်ချေးပေးခြင်း၊ပညာဒါနကျောင်း ရန်ပုံငွေမှ စုဆောင်းငွေများကို ကျေးရွာအတွင်းရှိ မပြေလည်သောသူများအား (၄)လ/(၆)လတစ်ကြိမ် ငွေချေးပေးခြင်း စသည့်ချေးငွေဆိုင်ရာများနှင့် လည်ပတ်လျှက်ရှိပါသည်။ ကျေးရွာ၏ငွေကျေးဆိုင်ရာ အခက်အခဲများ ပေါ်ပေါက်လာပါက ဂေါပကအဖွဲ့အစည်းမှ စုဆောင်းငွေများကိုလည်း ထုတ်ချေးပေး လျှက် ရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံရေးတတ်/ဖတ်တတ်ရုံသာ တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ရွာနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား/သူများလည်း လာ၍တက်ရောက်ကြပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ

လက်လှမ်းမမှီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲ ဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုကျေးရွာအနီးရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၂)ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင် မှုများရရှိကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ် များကို ကျေးရွာအနီးရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့် ပဲအမျိုးမျိုးစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်း လုံခြုံမှုရှိရန် လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ်ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပြီး

အမျိုးသမီးများလည်းတန်းတူပါဝင်ဆောင်ရွက်လေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများလည်း ဆောင်ရွက်လေ့ရှိသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပ ခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများ သည် အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းများပြုပြင်ခြင်း	၁
၂	လျှပ်စစ်	Auto ဆိုလာလမ်းမီးတပ်ဆင်ခြင်း	၂
၃	အခြေခံအဆောက်အဦ	လမ်း/ တံတား တည်ဆောက်ခြင်း	၃
၄	အခြေခံအဆောက်အဦ	စာသင်ဆောင်အသစ် ဆောက်လုပ်ခြင်း	၄
၅	အခြေခံအဆောက်အဦ	စာကြည့်တိုက် ဆောက်လုပ်ခြင်း	၅
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁	လမ်း ကောင်း မွန်မှု မရှိခြင်း	မြေသားလမ်းဖြစ်၍ နှစ်စဉ် ရေလွှမ်းရပ် ဝန်း ဖြစ်နေခြင်း	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ကျေးရွာတွင်းရှိအဖွဲ့အစည်း များ စည်းလုံးညီညွတ်မှု အားနည်းခြင်း၊ ကျေးရွာ လူ ထုအများစုသည် မိမိအလုပ် ကိုသာ ဦးစိုက်နေကြခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မ တီနှင့် ရပ်မိရပ်ဖများ ကျေးရွာအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ခြင်း	မြေသားလမ်းမှ ကျောက်ရော မြေလမ်း(၃၅၀'× ၁၂'× ၉'') အဖြစ် စနစ်တကျ ပြုပြင် ပြောင်းလဲအကောင်အထည် ဖော်ဆောင်ရွက်ခြင်း
၂	ကျေးရွာ လမ်းမီး မရှိခြင်း	မဟာဓါတ်အားလိုင်း နှင့်ဝေးကွာခြင်း၊	လျှပ်စစ်မီးဘေးအန္တရာယ် ကင်း ဝေးခြင်း	ကျေးရွာလူထုမှ စိတ်ဝင် စားမှုအားနည်းခြင်း၊ မြို့မှ မြစ်ကူး၍သွားလာရခြင်း	လမ်းမီးများရရှိနိုင်ရန် ကျေးရွာလူထုမှ ကျေး လက်ဦးစီး ဌာနနှင့် ပူး ပေါင်းဆောင်ရွက်နိုင်ခြင်း	ကျောင်းသား/သူနှင့်အရွယ် သုံးပါးမရွေး သွားလာရေး လွယ်ကူစေရန် ကျေးလက် ဦးစီးဌာနနှင့်ချိတ်ဆက်၍ Auto Solar လမ်းမီးတိုင်များ စနစ်တကျ အကောင်အထည် ဖော် ဆောင်ရွက်ခြင်း

နောက်ဆက်တွဲ (၁)


ဖွံ့ဖြိုးရေးဗျူဟာ ဇယား


စဉ်	ပြဿနာ	ပြဿနာ ဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၃	ကွန်ကရစ် တံတား မရှိခြင်း	မြစ်ရေဝင်ရောက် သည့် မြေနိမ့်ပိုင်း ဖြစ်ခြင်း	ကျေးရွာလူထုမှလုပ်အားများ ရရှိနိုင်ခြင်း၊ သဲ၊ ကျောက်များ ရရှိနိုင်ခြင်း	မြစ်ရေဝင်ရောက်မှု အန္တရာယ်ကို ကာကွယ်ရန် ခက်ခဲခြင်း	ကျေးရွာရှိအဖွဲ့အစည်းများ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ ဖြိုးရေးကော်မတီများနှင့်ညှိ နှိုင်းဆွေးနွေးခြင်း၊ ကျေး လက်ဦးစီးဌာနမှ အကြံ ဉာဏ်များရယူကာ အရန် အဖွဲ့များ ထပ်မံဖွဲ့စည်းခြင်း	ရာသီသုံးပါးလုံးသွားလာရေး ကောင်းမွန်အောင်(30'_80') ကွန်ကရစ်တံတား အကောင် အထည်ဖော် ဆောင်ရွက်ခြင်း
၄	စာသင်ဆောင် ထက် ကျောင်းသူ/ သားများ နေခြင်း၊ စာသင်ဆောင် အိုဟောင်းကြိုးပဲ့ အန္တရာယ်ရှိခြင်း	စာသင် ဆောင် အသစ် မဆောက် လုပ်နိုင်ခြင်း	စာသင်ဆောင်ဆောက်လုပ်ရန် ကျောက်၊ သဲများ လွယ်ကူစွာ ရရှိနိုင်ခြင်း	သစ်၊ ဝါးများရှားပါးခြင်း၊ ငွေကြေးလုံလောက်မှု မရှိခြင်း	သက်ဆိုင်ရာဌာနသို့လုပ်ထုံး လုပ်နည်းများရယူခြင်း၊ရပ်မိ ရပ်ဖများ၊ ကျေးရွာရှိ အဖွဲ့ အစည်းများ၊ ကျေးရွာလူထု များနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ ဆွေးနွေး တိုင်ပင် ညှိနှိုင်းခြင်း	ကျောင်းဆရာ/မများနှင့် ကျောင်းသား/သူများသင် ကြားရေးအဆင်ပြေစေရန်နှင့် အန္တရာယ်ကင်းရှင်းစေရန် အိုဟောင်းကျိုးပဲ့နေသောစာ သင်ဆောင်အား ကွန်ကရစ် နှစ်ထပ်ဆောင်အဖြစ် ပြုပြင် ပြောင်းလဲ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စဉ်	ပြဿနာ	ပြဿနာ ဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၅	စာကြည့်တိုက် ပျက်စီးယိုယွင်း ခြင်း၊ သုတ/ရသ နှင့် အခြားစာအုပ် များ လုံလောက်မှု မရှိခြင်း	စာကြည့်တိုက် မဆောက်လုပ် နိုင်ခြင်း	စာကြည့်တိုက်ဆောက်လုပ်နိုင်ရန် မြေကွက်ပုံစံ(၁၀၅/၁၀၆)ရရှိထား ခြင်း၊ လူငယ်ကျား၊မ(၅၁)ဦးဖွဲ့စည်း ထားခြင်း၊ ရွှေ့လျားအသွင်ဖြင့် စနေနေ့တိုင်း ရွာတွင်းလှည့်လည် အခမဲ့စာအုပ်ငှားစနစ် ငှားရမ်းပေး နိုင်ခဲ့ခြင်း	ကျေးရွာလူထုစည်းလုံးညီ ညွတ်မှု အားနည်းခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနသို့ အကြံ ဉာဏ်များ တောင်းခံခြင်း၊ ကျေးရွာလူထုအားစည်းလုံး ဟောပြောခြင်း၊ ရပ်မိရပ်ဖ များ ဆွေးနွေးညှိနှိုင်းခြင်း	ကျေးရွာလူထု၏ဗဟုသုတ အသိပညာဖွံ့ဖြိုးတိုးတက်စေ ရန်နှင့် အနာဂါတ်လူငယ်များ ဉာဏ်ရည်/သွေးမြှင့်မားစေ နိုင်ပြီး လေလွင့်မှုနည်းပါးစေ ရန် ယိုယွင်းပျက်စီးနေသော စာကြည့်တိုက်အား ကွန်က ရစ်နှစ်ထပ်ဆောင်အဖြစ် ပြုပြင်ပြောင်းလဲ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း


N
W
E
S
27-6-2018



ခဲ့	အဖြစ် အပျက်	တနင်္ဂ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	ဥပုသ်	အပို့	တနင်္လာ
၁	ဘာသီဥတု အခြေအနေ	၄၈	၄၈	၄၈	၁၁၉	၁၁၉	၁၁၉	၁၁၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉
၂	အလုပ်အကိုင် အခြေအနေ	၅၀	၅၀	၅၀	၁၁၉	၁၁၉	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၃	ပွဲတော်	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၄	အသုံးစရိတ် အခြေအနေ	၅၅၀	၁၁၀	၁၁၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀	၅၅၀
၅	ချေးငွေပိုအပ်မှု. အခြေအနေ	၈၅၀	၈၅၀	၈၅၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၆	ဝယ်ခြေကျမှုပ်မှု. အခြေအနေ	၁၁၀	၁၁၀	၁၁၀	၁၁၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၇	ဓာတ်သုံးကုန်ပို့မှု. အခြေအနေ	၁၁၀	၁၁၀	၁၁၀	၁၁၀	၉၀.	၉၀.	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၈	တရုတ်သွန်ဓာတုဂျီနီဒိုမှ. အခြေအနေ	၁၁၀	၁၁၀	၁၁၀	၁၁၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀	၈၅၀
၉	တရုတ်သွန်ကောက်လျှောက်မှု. အခြေအနေ	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၈၅၀	၈၅၀	၈၅၀	၁၁၀	၁၁၀	၁၁၀
၁၀	ကျွန်းမာရေး အခြေအနေ	၁၁၉	၁၁၉	၉၀.	၉၀.	၉၀.	၉၀.	၁၁၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉	ဟော်၉
၁၁	သဘာဝဘေး အန္တရာယ် အခြေအနေ	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀
၁၂	သဏ္ဌာန်သစ်ဆေးဖိတ်ဆောင် စဉ်ဆွေးမှုဒဂျီမှ. အခြေအနေ	၁၁၀	၁၁၀	၁၁၉	၈၅၀	၈၅၀	၁၁၉	၁၁၉	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀	၁၁၀